မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့တက်ရောက် ကမ္ဘာ့နိုင်ငံများ၏ အသိုက်အဝန်းအတွင်းတွင် အာဆီယံပါဝင်ဆောင်ရွက်နိုင်မှု ဒေသတွင်းနှင့် နိုင်ငံတကာဖြစ်စဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih II ခန်းမ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၈ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih II ခန်းမ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခအက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဖွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက အဖွင့်အမှာစကား ပြောကြားသည်။

အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံပြင်ပဆက်ဆံရေး၊ ကမ္ဘာ့နိုင်ငံများ၏ အသိုက်အဝန်းအတွင်းတွင် အာဆီယံအသိုက်အဝန်း၏ ပါဝင်ဆောင်ရွက်နိုင်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာဖြစ်စဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၁၂ ရက်)

တီဘီရောဂါကင်းစင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

နိုင်ငံတော်အစိုးရသည် ပြည်သူများ အသက်ရှည်ကျန်းမာရေးနှင့် ရောဂါဘယကင်းဝေးရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။ ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအလေးထားကြရမည့် အကြောင်းအချက်ဖြစ်သည်။

ကျန်းမာရေးလုပ်ငန်းသည် ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်ပြီး ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်မှု အနေဖြင့် ကျန်းမာရေးသတိပေးနှိုးဆော်ချက်များနှင့်အညီ လိုက်နာနေထိုင်ကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ၌ နှစ်စဉ် တီဘီရောဂါဖြစ်ပွားသူ ၉ ဒသမ ၄ သန်းခန့်ရှိပြီး သေဆုံးသူမှာ ၁ ဒသမ ၇ သန်းခန့် ရှိသည်။ တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည် ၁၅ နှစ်မှ ၅၄ နှစ်အကြားရှိသူများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် တီဘီရောဂါကို ဦးစားပေးပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်၍ အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

တီဘီရောဂါရှိသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့ကြောင့် တီဘီပိုးများ လေထဲပျံ့လွင့်ခြင်းမှ သော်လည်းကောင်း၊ တိုက်ရိုက်ပြောဆိုတွေ့ထိခြင်းမှလည်းကောင်း၊ လူနာ၏ အသုံးအဆောင်ပစ္စည်းများမှ လည်းကောင်း အခြားသူများသို့ ကူးစက်တတ်သည်။ အာဟာရချို့တဲ့၍ ကိုယ်ခန္ဓာခုခံအား ယုတ်လျော့နေခြင်း၊ ရောဂါရှိသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ တစ်အိမ်တည်းတွင် လူနာများ ပြွတ်သိပ်စွာ နေထိုင်ခြင်း၊ အရက်နှင့် ဆေးလိပ် စွဲမြဲစွာသောက်သုံးခြင်းတို့သည် တီဘီရောဂါကို လွယ်ကူစွာ ကူးစက်ဖြစ်ပွားစေနိုင်သည်။

ယခုအခါ ရန်ကုန်နှင့် မန္တလေးတီဘီဓာတ်ခွဲဌာနများကို အဆင့်မြှင့်ထားရာ ရောဂါအဖြေကို အချိန်တို အတွင်း သိရှိနိုင်ပြီဖြစ်သည်။ ဆေးယဉ်ပါးသော တီဘီရောဂါကို ကုသမှုပေးနိုင်ရန်အတွက် ရောဂါနှင့် သင့်လျော်မည့် ကုထုံးများ ချမှတ်ပြီး အောင်ဆန်းတီဘီဆေးရုံကြီးနှင့် ပုသိမ်ကြီးတီဘီဆေးရုံကြီးများ၌ သမားတော်များနှင့် ၂၀၀၉ ခုနှစ် ဇူလိုင်လမှ စတင်ကုသလျက်ရှိသည်။

တီဘီရောဂါကူးစက်မှုကို ကာကွယ်ရန်မှာ အာဟာရမျှတစွာစားသုံးခြင်း၊ လေဝင်လေထွက်ကောင်းသော အဆောက်အအုံတွင် နေထိုင်ခြင်းအပြင် ရောဂါရှိသူ ချောင်းဆိုးလျှင် လက်ကိုင်ပဝါအုပ်၍ ဆိုးခြင်း၊ သလိပ်တံတွေး စနစ်တကျစွန့်ပစ်ခြင်းတို့ကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တီဘီရောဂါသည် ဆေးကုသမှုကို စနစ်တကျခံယူပါက ပျောက်ကင်းသဖြင့် တီဘီရောဂါ ကင်းစင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူများကပါ ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ဌာနေညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Mr. Carlos Alberto Veloso သည် မေ ၁၀ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အနာဂတ်ကာလတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း စားနပ်ရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပိုမိုနီးကပ်စွာနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးအိမ်တွင်းမှုသင်တန်းများ ပခုက္ကူ၌ဖွင့်

ပခုက္ကူ မေ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၄)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲကို မေ ၉ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်း ခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါ်အေးအေးသောင်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပခုက္ကူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်း **(အပေါ်ပုံ)**က ကျပ် ၃၀၀၀၀ တန်ဖိုးရှိသော စက်ပန်းထိုးချည် ၈၅ ဒါဇင်ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဒေါ်အေးအေးသောင်းက လက်ခံယူသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ အဆင့်မြင့် ငါးဦး၊ အခြေခံ ၃၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (၁၀၂)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက် ထပ်ဆင့်ရှင်းလင်း

လားရှိုး မေ ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက လားရှိုးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှင်းလင်းပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုက ထပ်ဆင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ်ဦးစီးဌာနရုံး)**

မွန်ပြည်နယ် ဥပဒေချုပ်ရုံး ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို မေ ၃ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ဥပဒေချုပ်ရုံး ရှေ့မျက်နှာစာ၌ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်နှင့် ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး ဒေါက်တာ လှဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၀၇)

ကျုံပျော်မြို့ သန့်ရှင်းသာယာရေး ဆောင်ရွက်

ကျုံပျော် မေ ၁၁

ကျုံပျော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်း တစ်လျှောက်ရှိ မြေယာရှူခင်းများ ပြုပြင်ခြင်းကို ဧပြီ ၃ ရက်က အမှုဆောင် အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်နှင့် ဂျကာတာမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် မေ ၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ခေတ္တ တည်းခိုသည့် Ritz Carlton ဟိုတယ်မှ ဟာလင်ပါဒါနာ ကူဆူမာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား အင်ဒိုနီးရှားသမ္မတနိုင်ငံ Minister for Administrative Reforms Mr.E.E. Mangindaan၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Sebastianus Sumarsono၊ သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ Mr. Lutfi Rauf နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးအေးသော်နှင့်ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများက ဟာလင်ပါဒါနာကူဆူမာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်နှင့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့ပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ဂျကာတာမြို့ရှိ ဟာလင်ပါဒါနာ ကူဆူမာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျကာတာမြို့ရှိ ဟာလင်ပါဒါနာ ကူဆူမာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေများပိုလာနိုင်

နေပြည်တော် မေ ၁၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၁၂ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းများ ဇွန် ၆ ရက် ဖွင့်မည်

နေပြည်တော် မေ ၁၁

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၌ဖွင့်လှစ်မည့် သင်တန်းများကို ဇွန် ၆ ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေ ၃၀ ရက်ထက်မစော၊ ဇွန် ၃ ရက်ထက် နောက်မကျဘဲ ရောက်ရှိသတင်းပို့ကြရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ နှီးဆော်အကြောင်းကြားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဂုဏ်ပြုအလှူငွေပေးအပ်

ရန်ကုန် မေ ၁၁

မေ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁) လမ်းရှိ သူနာပြုအေးရိပ်ငြိမ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွှေဂုံတိုင်အထူးကုဆေးရုံ (SSC) အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာ ဒေါ်ငွေးငွေးကြည်နှင့်အဖွဲ့ဝင်များက သူနာပြုအေးရိပ်ငြိမ်အတွက် အလှူငွေကျပ် ၁၆၇၂၀၀၀ ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ နန်းထွမ်းလှနှင့် အဖွဲ့ဝင်များက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

✻ ကျောဖုံးမှ

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခအက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင်းအမှတ် အောင်သခ်-၂ မီးရှို့စမ်းသပ် ရေနံနှင့်သဘာဝဓာတ်ငွေ့ အများအပြား ခိုအောင်းနေကြောင်းတွေ့ရှိရ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်နိုင်မည့်အနေအထားရှိ

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံ ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M-3 တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEPI ကုမ္ပဏီသည် အဆိုပါ လုပ်ကွက်အတွင်း ရှာဖွေရေးတွင်းအမှတ် အောင်သခ်-၂ ကို တွင်းတူးစက် West Juno ဖြင့် ၂၀၁၁ ခုနှစ် မတ် ၂၆ ရက်မှ စတင်တူးဖော်ခဲ့ရာ ရည်မှန်းချက်သို့ မေ ၅ ရက်တွင် ရောက်ရှိခဲ့ပြီး အနက်ပေ ၉၀၀၀ ကျော်ရှိ ထုံးကျောက်လွှာများကို သေနတ်ဖောက် စမ်းသပ်ခဲ့သည်။

မီးရှို့စမ်းသပ်

စမ်းသပ်မှုအရ ရေနံနှင့် သဘာဝဓာတ်ငွေ့ အများအပြား ခိုအောင်းနေကြောင်း တွေ့ရှိရသဖြင့် မီးရှို့စမ်းသပ်ခြင်း အခမ်းအနားကို မေ ၉ ရက်တွင် အဆိုပါ တွင်းတူးစက်ပေါ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ PTTEPI ကုမ္ပဏီမှ စီမံကိန်း General Manager , Mr. Kanok Intharawijitr နှင့် တာဝန်ရှိသူများတက်ရောက်ကြရာ တွင်းတူးစက် ရှင်းလင်းဆောင်၌ PTTEPI ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာနှင့် တူးဖော်ရေးမန်နေဂျာတို့က တွင်းအမှတ် အောင်သခ်-၂ တူးဖော်ခဲ့မှု အခြေအနေ၊ တွေ့ရှိရသော မြေအောက်ဘူမိဗေဒ အနေအထားများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သော အလားအလာများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တွေ့ရှိထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ Reserve ကို ပိုမိုခိုင်မာစွာ အတည်ပြုနိုင်ရေးဆောင်ရွက်ရန်၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဝန်ကြီးဌာနသို့ အမြန်တင်ပြရန်နှင့် လုပ်ငန်းများကို တစ်ဆက်တည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တွင်းအမှတ် အောင်သခ်-၂ ၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve အားဖွင့်၍ အောင်မြင်စွာ မီးရှို့စမ်းသပ်ပေးကြသည်။

ဆက်လက်တူးဖော်

စမ်းသပ်ချက်များအရ အောင်သခ်-၂ ရှာဖွေရေးတွင်းမှ တစ်နေ့လျှင် လေဆီ ၁၅၄ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၂၅ ဒသမ ၈ သန်း ထွက်ရှိကြောင်း တွေ့ရှိရသည်။ လုပ်ကွက်အမှတ် M-3 ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသော ပမာဏကို သိရှိနိုင်ရန်အတွက် သုံးဖက်မြင် ဆိုက်စမစ်တိုင်းတာရေး၊ ရှာဖွေရေးတွင်းနှင့် အကဲဖြတ်တွင်းများ ဆက်လက်တူးဖော်ရေးကို ဆောင်ရွက်လျက်ရှိသည်။

လုပ်ကွက် M-3 သည် ရန်ကုန်မြို့နှင့် အနီးဆုံး လုပ်ကွက်ဖြစ်ပြီး ကမ်းခြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသဖြင့် ပြည်တွင်းသုံး လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် လျင်မြန်စွာဆောင်ရွက်နိုင်မည့် အနေအထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးရှို့စမ်းသပ်

စွမ်း အင် ဝန် ကြီး ဌာ န ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး အောင်သခ်-၂ ၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve အား ဖွင့်၍ အောင်မြင်စွာ မီးရှို့စမ်းသပ်ပေးစဉ်။ (စွမ်းအင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ အကပဒေသာ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄:၃၀ ၄။ အတီးပြိုင်ပွဲ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ ရောင်စုံရေးသီ တေးပန်းချီ
- ၅:၂၀ ၈။ **သုံးပင်နှစ်ဆယ်**
- ၅:၃၀ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅:၄၅ ၁၀။ **အကျွရာများက ပြောသောစကား**
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၅၀) ကိုလင်း၊ ကိုရဲ၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့်၊ ပိုးပိုး၊ ဝက်မ (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၃၁)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၁၅)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၅၈)
- ၂၂။ အစီအစဉ်ပြီး၏။

မြိုင်မြို့ရေပေးဝေမှုစစ်ဆေး

မြိုင် မေ ၁၁

မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေမှုနှင့် ရေစက်ရုံတို့ကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဧပြီ ၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနော်ရထာလမ်း တစ်လျှောက် ရေနုတ်မြောင်းတူးဖော်ခြင်းကို မေ ၈ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုး ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးလုပ်ငန်းများ စေတနာထားဆောင်ရွက် ဘဏ္ဍာငွေအထောက်အပံ့ကို အလေအလွင့်မရှိ အသုံးပြု

နေပြည်တော် မေ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မေ ၇ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။ (အောက်ပုံ)

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာထားဆောင်ရွက်ကြရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် လူနာများ၏ အသက်နှင့်ရင်းရသည့် လုပ်ငန်းဖြစ်၍ ဘဏ္ဍာငွေအထောက်အပံ့များကို အလေအလွင့်မရှိ၊ မလိုလားအပ်သောကုန်ကျမှုမျိုး မဖြစ်စေရန်၊ ပြည်သူ့အကျိုးစီးပွားထိခိုက်မှု မရှိစေရေး အသုံးပြုကြရန် စသည်ဖြင့် မှာကြားသည်။

မှာကြား

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင် အစည်းအဝေးခန်းမ၌ ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်များ၊ မြို့နယ်များမှကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆရာဝန်များနှင့် သူနာပြုများအားတွေ့ဆုံပြီး ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးသူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာမာလာဝင်း၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သူနာပြုများနှင့် လည်းကောင်း၊ မန္တလေး တီဘီရောဂါအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်အေးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်လည်းကောင်း၊ အထက်မြန်မာပြည် တီဘီရောဂါဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်လည်းကောင်း၊ မန္တလေး ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာခင်လှ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်လည်းကောင်း တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် (ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ စစ်ကိုင်း၌ တည်ဆောက်လျက်ရှိ

နေပြည်တော် မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၇ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းမြို့ ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) ထရန်စမစ်ရှင်းရုံ၊ ဒီဇယ်အင်ဂျင်ရုံ၊ အရန်စက်ငယ်ရုံ၊ ဖြုတ်ဆင်ရုံ၊ ဒီဇယ်လျှပ်စစ်ရုံလုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၃) ခရိုင်ချင်းဆက်လမ်း ပြောင်းဖူးစေ့စီ ကျောက်ချောလမ်း အပိုင်း ခိုင်ခံ့မှုကို ကြည့်ရှုစစ်ဆေးကာ စစ်ကိုင်းမြို့ စက်မှုဇုန်ရှိ သစ်အခြေခံစက်ရုံ၊ ကောင်းစိန် ရက်ကန်းစက်ရုံ၊ ရွှေမြန်မာသံရည်ကျိုစက်ရုံများ၌ ကုန်ပစ္စည်းများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စစ်ကိုင်းမြို့နယ် ပြည်သူ့ဆေးရုံ ခုတင်(၂၀၀)ဆံ့ ဆေးရုံသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မေ၈ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ မဟာစည်းခုံကြီးစေတီတော် ပြုပြင်မွမ်းမံနေမှုနှင့် သာသနာ့ဗိမာန်တော် ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး စူဠာမဏိကောင်းမှုတော်စေတီတော်မြတ်ကြီး သစ်တောပျိုးဥယျာဉ်ရှိ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငပုတောမြို့နယ်ရှိ အဓိကလမ်းမကြီးဖြစ်သော မဂ္ဂင်လမ်းဘေး ဝဲယာတစ်လျှောက် ရေမြောင်းများတူးဖော်ခြင်းကို မေ ၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၂ ရပ်ကွက် ဗိုလ်ကြာညွန့်လမ်းနေ ဖခင် ဦးကြင်လှိုင်-မိခင် ဒေါ်တင်လှိုင်၊ အစ်ကို ဦးခင်မောင်တို့အား ရည်စူး၍ ဦးစိုးသောင်း၊ ဒေါ်တင်တင်အေး၊ ညီမ ဒေါ်အေးအေးစိုးမိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့နာယကဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (နှင်းဆီကုန်းဘိုးဘွားရိပ်သာ)

မြေကြီး၊မြေပုံ၊မြေစာရင်းနှင့်သီးနှံစိုက်ကေမှန်ကန်ရေး လှည်းကူး၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧရိယာ မှန်ကန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် မေ ၇ ရက်က လုပ်ငန်းဆောင်ရွက်နေသော လှည်းကူးမြို့နယ် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လှည်းကူးမြို့နယ် မြေစာရင်းဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများက မေ ၆ရက်အထိ ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများ၊ ဆောင်ရွက်ဆဲ ရုံးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြေစာရင်းဦးစီးဌာန)

ကမ္ဘာ့ဖလား အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲဝင်ရန် ပဏာမမြန်မာ့လက်ရွေးစင်အသင်း ဖွဲ့စည်း

ရန်ကုန် မေ ၁၁

၂၀၁၄ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၀ ဖြင့် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ပါဝင်

ခြေစစ်ပွဲဝင်မည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းအောင်၊ အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်၊ နည်းပြချုပ်အဖြစ် မီလန်ဒီမာဒီဗိုစစ်၊ လက်ထောက်နည်းပြအဖြစ် ဦးဆန်းဝင်း(ကမ္ဘောဇ)၊ ဂိုး-နည်းပြအဖြစ် ဦးမျိုးချစ်(ဇေယျာရွှေမြေ)၊ မီဒီယာတာဝန်ခံအဖြစ် ဦးစိုးမိုးကျော်၊ အားကစားသမားများအဖြစ် **ဂိုး**-ကျော်ဇင်ထက်(ကမ္ဘောဇ)၊ ဟိန်းကျော်သူ(ဥဿာယူနိုက်တက်)၊ အောင်ဝေဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင် (Southern Myanmar)၊ **နောက်တန်း**-ရန်အောင်ဝင်း(ရန်ကုန်)၊ အောင်မင်းထွန်း(မကွေး)၊ ရွှေလှိုင်ဝင်း (ဇေယျာရွှေမြေ)၊ ဉာဏလွင် (ကမ္ဘောဇ)၊ ကျော်ကျော်မျိုး(ကမ္ဘောဇ)၊ ဇော်ဇော်ဦး(ဧရာဝတီယူနိုက်တက်)၊ မင်းကိုကို(ဇေယျာရွှေမြေ)၊ အောင်ဟိန်းကျော်(မနောမြေ)၊ ရန်မျိုးအောင်(Southern Myanmar)၊**အလယ်တန်း**-ရန်အောင်ကျော်(ရန်ကုန်ယူနိုက်တက်)၊ မင်းမင်းသူ(ဧရာဝတီယူနိုက်တက်)၊ ဒေးဗစ်ဒန်း(ရန်ကုန်ယူနိုက်တက်)၊ သိန်းသန်းဝင်း(ကမ္ဘောဇ)၊ ကြည်လင်း (ရန်ကုန်ယူနိုက်တက်)၊ ရဲကိုဦး (ရတနာပုံ)၊ နိုင်စိုးဝေ (ဇေယျာရွှေမြေ)၊ သုထက်ပိုင် (ရက္ခပူရယူနိုက်တက်)၊ ပိုင်စိုး(ရတနာပုံ)၊ ဇော်လင်း(နေပြည်တော်)၊ **ရှေ့တန်း**-ကျော်ကိုကို (ဇေယျာရွှေမြေ)၊ မိုင်အိုက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ အောင်မြင့်မြတ်(မနောမြေ)၊ စိုးမြတ်သူ (ဇေယျာရွှေမြေ)၊ စိုးမင်းဦး(ကမ္ဘောဇ)၊ ရန်ပိုင်(ရတနာပုံ) နှင့် စည်သူဝင်း(မကွေး) တို့ ပါဝင်ကြသည်။

ခြေစမ်းကစားမည်

ယခု ရွေးချယ်ခံထားရသော ပဏာမလက်ရွေးစင် ကစားသမားများသည် မေ ၁၁ ရက်မှ ၁၈ ရက်အထိ ပထမအကြိမ် စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ ဇွန်လ ၁၈ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်းတွင် ယှဉ်ပြိုင်ကစားမည့် မလေးရှား လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် အပြီးသတ်ကစားသမား ၂၀ ကို ရွေးချယ်ရန် မေ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် လက်ရွေးစင်ဟောင်းများနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

ယှဉ်ပြိုင်

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား အာရှဇုန်မှ ပထမအဆင့် ခြေစစ်ပွဲအဖြစ် မွန်ဂိုလီးယားအသင်းနှင့် နှစ်ကျော့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၁၃-၅-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် **(အရှင်နာဋ္ဌိယသုတ်)**
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	တေးပဒေသာ
၁၇း၁၅	ပြောပါရစေရှင် (ဒိုင်ယာရီဟောင်းရဲ့ စာမျက်နှာ) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၅	ရင်ခုန်စီးဆင်း အနုပညာသတင်း (၄၀)
၁၈း၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀	လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀	တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ **အသက်ထက်အလွန်**
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ငွမ်းပုံကြီး) တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (စဉ်းစားခြင်းနှင့် တွေဝေခြင်း)
၂၁း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် နေပြည်တော်သို့ရောက်ရှိ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် ဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်(ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့တို့တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့်နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံသည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်များအပေါ် အကောင်အထည်ဖော်နေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့များအား ရွှေနန်းတော်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

စည်းကမ်းရှိမှတိုးတက်မည် ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်ကြံ အားကစားတိုးတက်ရေး ရေတိုရေရှည်စီမံချက် ချမှတ်ဆောင်ရွက်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မြန်မာနိုင်ငံအလေးမ၊ လက်ဝှေ့၊ စားပွဲတင် တင်းနစ်၊ ဂျူဒို၊ ဝူရှူး၊ ရေကူး၊ ကြက်တောင်၊ တင်းနစ်အားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက စည်းကမ်းရှိမှ တိုးတက်မည်ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်ကြံပြီး အားကစားသမားများအနေဖြင့် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်သွားရန်၊ နိုင်ငံတကာအဖွဲ့ချုပ်များနှင့် မျက်ခြည်မပြတ်ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ထားရန်၊ မိမိတို့ အားကစားအဖွဲ့ချုပ်အလိုက် အားကစားတိုးတက်ရေး ရေတို/ရေရှည်စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအလေးမ၊ လက်ဝှေ့၊ စားပွဲတင် တင်းနစ်၊ ဂျူဒို၊ ဝူရှူး၊ရေကူး၊ ကြက်တောင်၊ တင်းနစ်အားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများအား နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံစဉ် (၂၆)ကြိမ်မြောက်နှင့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ စခန်းသွင်းလေ့ကျင့်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ရှစ်ခုတို့မှ ဥက္ကဋ္ဌများက အဖွဲ့ချုပ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက အားကစားအကြို လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နတ်ရေကန်တောင်ဒေသ၌ လက်ဖက်ဧက ၂၀၀၀ စိုက်ပျိုးမည်

နေပြည်တော် မေ ၁၁

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မေ ၈ ရက် နံနက်ပိုင်းတွင် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသ လိုင်ကျေးရွာ၌ သစ်တောဦးစီးဌာနက စိုက်ပျိုးထားရှိသော သစ်မွှေးစမ်းသပ်စိုက်ခင်း စိုက်ကွင်းအမှတ်(၁)နှင့် အမှတ်(၂)တို့တွင် အပင်များရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုက္ကရိုဝေ့(ဗ်) စခန်း၌ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ကာ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် နတ်ရေကန်တောင်ဒေသ၌ သစ်တောဦးစီးဌာနက လက်ဖက်ပင်ဧက ၂၀၀၀ စိုက်ပျိုးမည့် နတ်ရေကန် လက်ဖက် ၈ ဧက စိုက်ခင်းတွင် အပင်များရှင်သန်ဖြစ်ထွန်းမှုနှင့် ပျိုးပင်များပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လမ်းပြုပြင်နေ

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းဘူး-အမ်းလမ်း၏ လင်းတဲ-ဂုတ်ကြီးအပိုင်း လမ်းပြုပြင်နေမှုနှင့် ဂုတ်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငဖဲမြို့နယ်အနီးရှိ မန်းချောင်းရေလှောင်တမံ၌ တမံအတွင်း ရေဝင်ရောက်မှု၊ နွေစပါး စိုက်ပျိုးရေပေးဝေနေမှုနှင့် ရေပိုလွှဲပြုပြင်မွမ်းမံနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ပါရာယနသုတ္တန်** တရားတော် (အပိုင်း-၁) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၉)
၈:၅၀	Activities in the City [အထက(၂) စမ်းချောင်း ကျောင်းသူလေးများ၏ သီလရှင်ဝတ်ပွဲ]
၉:၀၀	အလက(၁) ကျောက်ကြီးစု ပဲခူးမြို့ အာစရိယပူဇော်ပွဲ အခမ်းအနား
၉:၁၀	New V. Rohto မျက်ကြည် မျက်စဉ်းဆေး ရောင်းအား အကောင်းဆုံးကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနား
၉:၂၅	Science for All (ကျန်းမာရေးအတွက် ရေသန့်တစ်ခွက်) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
၉:၄၅	မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း
၁၀:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ နှစ်လိမ့်တစ်ပတ်ရိုက်ကွင်း အမှတ်တရ
၁၁:၀၅	The Champion of Dance
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	အလက (၉)အင်းစိန် ယခင် စိန်ဂျော့ကျောင်း၏ အာစရိယပူဇော်ပွဲ
၁၂:၂၀	မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁
၁၂:၄၅	ကုသိုလ်ယူဆင်ကာန္တဲ··· ဗြဟ္မဏကောဏ္ဍည သိမ်အောင်ပွဲ
၁:၀၀	**ပါရာယနသုတ္တန်** တရားတော် (အပိုင်း-၁)(ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Quiz Idol
၃:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁)
၄:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၉)
၅:၀၀	Activities in the City -Peace Myanmar Electric Co., Ltd · ၏ ကုမ္ပဏီ နှစ်ပတ်လည်အခမ်းအနား -မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁ (နဂါးနှစ်ကောင် တိုင်းရင်းဆေး)
၅:၂၅	ဓာတ်ပုံထဲမှ အမှတ်တရများ (ပန်းဖြူ)
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Top Royal အဆင့်မြင့် ရုပ်ရှင်ရုံသစ်ဖွင့်ပွဲ)
၆:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂)
၇:၁၀	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း **ဧည့်သည်လာတာကောင်းတယ်၊ ဧည့်သည်မလာတာကောင်းတယ်**
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၀)
၁၀:၁၅	အားကစားမြင်ကွင်းစုံ
၁၀:၄၅	ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွ ဥယျာဉ်ကမ္ဘာ
၁၁:၀၀	အနုပညာမိုးကောင်းကင်
၁၁:၂၀	သိ···တတ်စေသော် (အမျိုးသားယဉ်ကျေးမှု တက္ကသိုလ်သင်တန်းဆင်းများ)
၁၂:၂၀	သံစဉ်များကိုထုဆစ် အလှဆင်သူများ (ကိုကျော်လင်းထိန်နှင့် တွေ့ဆုံခြင်း)
၁၂:၄၅	မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း (ဒေါက်တာခင်နှင်းဦး)
၁၂:၅၀	စိတ်ဝင်စားစရာ မုန့်လုပ်နည်းပညာ Myanmar Baking Training Centre မှာ····
၁:၀၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၁:၃၀	သတ္တုတူးသောရွာကလေး
၁:၄၅	Celebrity Profile (မန္တလေးသိန်းဇော်)
၂:၂၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
၂:၄၅	လင်းလက်တောက်ပ မီးဆိုင်းအလှ
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	လှပစွာချုပ် ဂျုံရိုးဦးထုပ်
၄:၁၀	စိတ်ချယုံကြည် Global Wave Technology
၄:၂၀	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၄:၄၅	သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးရွာသွန်းမှုများ

၁၁-၅-၂၀၁၁

မြို့	မိုးရေချိန်
ဘီးလင်းမြို့	၃ ဒသမ ၁၁ လက်မ
ပေါင်မြို့	၂ ဒသမ ၄၈ လက်မ
ညောင်လေးပင်မြို့	၃ ဒသမ ၁၁ လက်မ
ကျိုက္ကမီမြို့	၂ ဒသမ ၃၆ လက်မ
မော်လမြိုင်မြို့	၃ ဒသမ ၈၂ လက်မ
ကျိုက်မရောမြို့	၃ ဒသမ ၆၂ လက်မ
ပြည်မြို့	၂ ဒသမ ၈၇ လက်မ
ဇောင်းတူမြို့	၂ ဒသမ ၂၈ လက်မ

ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ် အဖွဲ့ပေါင်း(၁၆)ဖွဲ့ဖြင့် ဖောက်လုပ်လျက်ရှိ

နေပြည်တော် မေ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၈ ရက် နံနက်ပိုင်းက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်တစ်လျှောက် အပိုင်းလိုက် ကတ္တရာလမ်းခင်းပြီးစီးမှု၊ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောက်များ စုဆောင်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လမ်းပိုင်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့များအား လမ်းပိုင်းအလိုက်လုပ်ငန်းများကို သေသေသပ်သပ်ဖြစ်အောင် စနစ်တကျဆောင်ရွက်ရန်၊ တံတားများ၊ ရေပြွန်များကိုလည်း သတ်မှတ်ထားသည့် အကျယ်ရရှိအောင် ဆောင်ရွက်ပေးရန်နှင့် လမ်းသစ်ဖြစ်သည့်အတွက် လမ်းကို ကျယ်ရန်၊ ဖြောင့်ရန်၊ အတက်အဆင်း ပြေပြစ်အောင် ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့သည်။

ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်ကို အထူးအဖွဲ့သုံးဖွဲ့၊ ခရိုင်အဖွဲ့သုံးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၀ ဖွဲ့ စုစုပေါင်း ၁၆ ဖွဲ့ဖြင့် ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်း၊ လမ်းချဲ့ခြင်း၊ တံတားများနှင့် ရေပြွန်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် စီးပွားရေးအင်အားစုများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို ရေးရှုပြီး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများစသော စီးပွားရေးအင်အားစုများအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မေ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ နိဂုံးချုပ် ဆွေးနွေးမှာကြားသည်။ အစည်းအဝေးတွင် ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးက ဒေသအလိုက် ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍမှ ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာသော ဝါရင့် စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍမှ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာမျက်နှာစာ၌ ထိုးဖောက်နိုင်အောင် အားလုံးတက်ညီလက်ညီ အားကြိုးမာန်တက် တာဝန်ယူဆောင်ရွက်

နေပြည်တော် မေ ၁၁

အရည်အသွေးမီ တိုင်းရင်းဆေးဝါးများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းဆေးဆရာများ၏ အရည်အသွေးမြှင့်တင်ပေးရန်၊ ကုသရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် အထူးသဖြင့် ပရဆေးဥယျာဉ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်က မေ ၉ ရက် နံနက် ၈ နာရီခွဲက နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန အမျိုးသားပရဆေးဥယျာဉ် အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားသည်။ **(အပေါ်ပုံ)**

ယနေ့ခေတ်တွင် မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာမျက်နှာစာ၌ ထိုးဖောက်နိုင်အောင် အားလုံး တက်ညီလက်ညီ အားကြိုးမာန်တက် တာဝန်ယူဆောင်ရွက်သွားကြရန်လည်း ဒုတိယဝန်ကြီးက တိုက်တွန်းမှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီးသည် အမျိုးသားပရဆေးဥယျာဉ်အတွင်း သုတေသနပြတိုက်ရှိ ပြခန်းများနှင့် ဖွံ့ဖြိုးရေးပြတိုက်ရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေကြီး၊ မြေပုံနှင့် စာရင်းအင်းမှန်ကန်ရေး မုဒုံ၌ ကွင်းဆင်းစစ်ဆေး

မုဒုံ မေ ၁၁

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းများကို ပြုစုဆောင်ရွက်ရသောလုပ်ငန်းဌာနဖြစ်ပြီး မြေပြင်နှင့်မြေပုံသည် ရေမြေသဘာဝများကြောင့် လည်းကောင်း၊ ဒေသလိုအပ်ချက်အရ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများအရလည်းကောင်း၊ လူနေမှုဖြစ်စဉ် သဘာဝများအရလည်းကောင်း ဖြစ်ပျက်ပြောင်းလဲလျက်ရှိရာ ကာလအလိုက် ပြောင်းလဲနေမှုများကို အဆိုပါဦးစီးဌာနက မြေပြင်နှင့် မြေပုံကိုက်ညီရေး ဆောင်ရွက်လျက်ရှိသည်။ ဧပြီ ၃၀ ရက်က ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့်အဖွဲ့သည် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်မြေစာရင်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော မြေကြီး၊ မြေပုံနှင့်စာရင်းအင်းမှန်ကန်ရေး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၀၇)

အင်ဒိုနီးရှားနိုင်ငံ YOG YAKARTA မြို့၌ မေ ၉ ရက်မှ စတင်ကျင်းပသည့် ASEAN Seminar on Labour Management Cooperation သို့ တက်ရောက်ရန်အတွက် အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဌေးဝင်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်ရေး ကျွမ်းကျင်(၂) ဒေါ်ယဉ်ယဉ်နုနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)မှ အလုပ်အမှုဆောင် ဦးအောင်မင်းတို့ မေ ၇ ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီ တွေ့ရစဉ်။
(စက်မှုကုန်ထုတ်လုပ်သူများအသင်း)

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၁၁

မေ ၅ ရက်က ကျရောက်ခဲ့သည့် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်စခန်းများမှ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၂ ရက် နံနက် ၇ နာရီက အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၅၀၀) နှင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး**(ယာပုံ)**နှင့် သွေးလှူဒါန်းပွဲအခမ်းအနားများကို ကျင်းပခဲ့သည်။

စုပေါင်းသန့်ရှင်း

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ မြောက်ဥက္ကလာပဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းနေကြသော သန္နေတပ်ဖွဲ့ဝင်များနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

သွေးလှူဒါန်း

၎င်းနောက် မီးသတ်တပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပဆေးရုံကြီး၌ သွေးလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၀၂၅)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရန်ကုန်-သန်လျင် တံတားအဆင်း လမ်းဘေးဝဲယာတွင် ပန်းအလှပင်များကို မေ ၉ရက်က စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်း၊ အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း လာရောက်တွေ့ဆုံ စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် နည်းပညာပူးပေါင်းဖလှယ်ရေးဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းသည် မေ ၈ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှား သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း နှင့်အတူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Vu Huy Hoang နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့သည် နှစ်နိုင်ငံချစ်ကြည် ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် နှစ်ဖက်အစိုးရဌာနများအား တာဝန်ပေးအပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် နည်းပညာပူးပေါင်းဖလှယ်ဆောင်ရွက်ရေး တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ၌ ကျင်းပသော (၅)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော်မှု

အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်း ကောင်စီအောက်ရှိ ကဏ္ဍအလိုက် အဖွဲ့အစည်းများ၏ လုပ်ငန်း တိုးတက်မှု၊ (၄)ကြိမ်မြောက် အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက် အဝန်းကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက်များအား အကောင် အထည်ဖော်မှုအခြေအနေ၊ အာဆီယံ နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်း အခြေပြုမြေပုံနှင့် ယင်းအခြေပြုမြေပုံ တွင်ပါဝင်သော ဦးစားပေးကဏ္ဍများ အကောင်အထည်ဖော်မှု အခြေအနေ များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ လုံဘော့မြို့တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၊ ဂျကာတာမြို့ တွင်ကျင်းပခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလွတ် သဘောအစည်းအဝေးနှင့် အာဆီယံ-ဂျပန်ဝန်ကြီးများ အထူးအစည်း အဝေး၊ ဗန်ကောက်မြို့တွင် ကျင်းပခဲ့ သည့် အရှေ့အာရှထိပ်သီးအစည်း အဝေးဆိုင်ရာ အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အလွတ်သဘောအစည်း အဝေးများ၏ သဘောတူညီချက် များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန် ယူရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် (၈)ကြိမ်မြောက်အာဆီယံညှိနှိုင်းရေး ကောင်စီအစည်းအဝေးသို့ တက် ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သည် အာဆီယံအတွင်းရေးမှူးချုပ် ၏ အစီရင်ခံစာ၊ အာဆီယံအမြဲတမ်း ကိုယ်စားလှယ်များ၏ အစီရင်ခံစာ၊ အာဆီယံ ပေါင်းစည်းရေးလုပ်ငန်း အဖွဲ့၏ အစီရင်ခံစာနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်ရေး ညှိနှိုင်းရေး ကော်မတီ၏ အစီရင်ခံစာတို့အပေါ် သုံးသပ် ဆွေးနွေးခဲ့သည့်အပြင် အရှေ့တီမောနိုင်ငံက အာဆီယံသို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက် လိုသည့်ကိစ္စ၊ အာဆီယံမှ နိုင်ငံတကာ စာချုပ်များ ချုပ်ဆိုရာတွင် ဆောင်ရွက် ရမည့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ သည်။

ယင်းနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် သည် ဂျကာတာမြို့ရှိ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန၌ အင်ဒို နီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊ အမ်၊ မာတီ၊ အမ်၊ နာတလီ ဂါဝါက တည်ခင်းဧည့်ခံသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

ကယားပြည်နယ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၁

ကယားပြည်နယ် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက် များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးက လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်အုပ်ချုပ်ရေးမှူး နှစ်ဦးနှင့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့် တာဝန်ရှိသူများအား စီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံ

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလိုက်ပါလျက် မေ ၈ ရက် ညပိုင်းတွင် ဂျကာတာမြို့ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးနေအိမ်သို့ရောက်ရှိရာ သံအမတ်ကြီး ဦးဉာဏ်လင်းနှင့်ဇနီး ဒေါ်ခင်မာနွယ်၊ စစ်သံမှူး ဗိုလ်မှူးကြီး အေးသော်နှင့် ဇနီးဒေါ်ခင်ဦးမေ၊ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်သူများ ထောက်ခံအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပြည်သူရွေးချယ်ထားသော အစိုးရသစ်ပေါ်ထွန်းလာမှုအခြေအနေ၊ ဒို့တာဝန်အရေးသုံးပါးသည် အမျိုးသားရေးမူဝါဒဖြစ်၍ သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်သွားရမည့်အခြေအနေ၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်သွားရမည့် အခြေအနေ၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ် ထူထောင်ရမည့်အခြေအနေ၊ အရင်းအနှီးအတွက် နိုင်ငံတော်တွင် သဘာဝအရင်းအမြစ်များရှိပြီးဖြစ်၍ စက်မှုနိုင်ငံ ထူထောင်နိုင်ရန်အတွက် လိုအပ်သော ကျွန်းမာကြံ့ခိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် နိုင်ငံတော်က မွေးထုတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ သံတမန်ကျင့်ဝတ်စည်းကမ်း၊ ဥပဒေများနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းဆောင်ရွက်သွားရမည့် အခြေအနေများကို မှာကြားပြီး သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။ **(သတင်းစဉ်)**

လက်ဆောင်ပစ္စည်းများ ပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

တွေ့ဆုံ မှာကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စီမံ/စီးပွားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်၍ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး

နေပြည်တော် မေ ၁၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် မေ ၆ ရက် နံနက် ၈ နာရီခွဲတွင် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ၌ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပိုမိုခိုင်မာလာ

အစည်းအဝေးတွင် (၅)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးအတွက် ကြိုတင်ညှိနှိုင်းမှုများ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း(အေအီးစီ)၏ တတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံဒေသအား စီးပွားရေးဖွံ့ဖြိုးမှုမျှတသည့် ဒေသဖြစ်စေရေးအတွက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ CLMV နိုင်ငံများအား အာဆီယံပေါင်းစည်းရေးလုပ်ငန်းများအားလုံးတွင် ပါဝင်လာစေရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် အေအီးစီ အကောင်အထည်ဖော်မှုအပေါ် အမြဲမပြတ် ကြီးကြပ်ရေးအတွက် အေအီးစီ အမှတ်ပေးအကဲဖြတ်ယန္တရား ပိုမိုခိုင်မာလာစေရန် ပံ့ပိုးရေးနှင့် မိမိနိုင်ငံတွင်းနှင့် ဒေသဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုဖွံ့ဖြိုးရန် တာဝန်ပေးရေး စသည်တို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်း ကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေး၌ အာဆီယံဝန်ဆောင်မှုကဏ္ဍများ ဖြေလျှော့ပေးခြင်းနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများတွင် ၂၀၁၅ ခုနှစ်မတိုင်မီ ဝန်ဆောင်မှုလွတ်လပ်စွာ စီးဆင်းရေးအတွက် ပျော့ပျောင်းမှုအစီအမံကို အသုံးပြုရန်ကိစ္စရပ်များ၊ အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးများမှ တင်ပြသည့်ကိစ္စရပ်များ၊ အာဆီယံ လယ်ယာနှင့် သစ်တောဝန်ကြီးများ အစည်းအဝေးမှတင်ပြသည့် အစီရင်ခံစာနှင့် ပုဂ္ဂလိကကဏ္ဍမှ တင်ပြချက်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်တက်ရောက်

ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်းသည် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဥရောပသမဂ္ဂ (EU) ကုန်သွယ်ရေး ကော်မရှင်နာတို့ တွေ့ဆုံဆွေးနွေးပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ၌ ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၁၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဆွေးနွေး

ဆွေးနွေးပွဲတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဥရောပသမဂ္ဂ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒအသစ်အပေါ် အမြင်ချင်းဖလှယ်၍ အာဆီယံနှင့် ဥရောပသမဂ္ဂအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးနှင့် Green Technologies ၏ အကျိုးကျေးဇူးနှင့် စိန်ခေါ်မှုများအပေါ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၁၁-၅-၂၀၁၁

ချောက်မြို့	၄၃ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀ ဒီဂရီစင်တီဂရိတ်

ဒိုလေးဟက်ထရစ်သွင်းပြီး ရီးရဲတို့ နိုင်ပွဲရ

မက်ဒရစ် မေ ၁၁

စပိန်လာလီဂါပွဲစဉ်များကို မေ ၁၁ ရက် နံနက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ ဒီပို့တီဗိုနှင့် ဘီလ်ဘာအိုတို့ပွဲတွင် ဒီပို့တီဗိုက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး မာလာဂါ၊ ရေဆင်းတို့လည်း နိုင်ပွဲများရရှိခဲ့သည်။ ရီးရဲမက်ဒရစ်နှင့် ဂီတာဖေးလ်တို့ပွဲတွင် ရီးရဲမက်ဒရစ်က လေးဂိုးပြတ် အနိုင် ရရှိခဲ့သည်။

ကစားနိုင်ခဲ့

ရီးရဲမက်ဒရစ်နှင့် ဂီတာဖေးလ်တို့ပွဲတွင် ရီးရဲမက်ဒရစ်တို့က အိမ်ကွင်း၌ ကစားကွက်အသာဖြင့် အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အတွက်ဂိုးများကို စီရိုနယ်ဒို**(အောက်ပုံ)**က ၂၄ မိနစ်၊ ၅၈ မိနစ်တို့၌ နှစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သည်။ ပွဲချိန် ၇၇ မိနစ်၌ ဘင်ဇီမာက တစ်ဂိုးသွင်းယူပေးခဲ့ပြီး ရီးရဲမက်ဒရစ်အတွက် စတုတ္ထဂိုးကို ၉၄ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် စီရိုနယ်ဒိုက သွင်းယူကာ ဟက်ထရစ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်

ရေဆင်း	၂ - ၁	အက်သလက်တီကိုမက်ဒရစ်
မာလာဂါ	၂ - ၀	စပို့တင်းဂီဂျွန်

(အင်တာနက်)

မန်စီးတီးတို့ စပါးကိုနိုင် ချန်ပီယံလိဂ် ပထမဆုံးဝင်ခွင့်ရ

လန်ဒန် မေ ၁၁

ပရီမီယာလိဂ် ပွဲကျန်တစ်ပွဲဖြစ်သည့် မန်စီးတီးနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ပထမဆုံး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည့် အမှတ်ပေးဇယားနံပါတ်(၄) နေရာအတွက် သေချာသွားပြီဖြစ်သည်။

မန်စီးတီးအတွက် အနိုင်ဂိုးကို စပါးတိုက်စစ်မှူး ပီတာခရော့ချ်က ပွဲချိန်မိနစ် ၃၀ တွင် ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိသဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း စပါးတို့ ပထမပိုင်းတွင် ဘောလုံးပိုင်ဆိုင်မှု အများဆုံးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့သည်။ **(အပေါ်ပုံ)**

ဂိုးမရ

ဒုတိယပိုင်း ပွဲပြီးခါနီးတွင် ဗီအဲရာ အပိုင်ကန်သွင်းသော်လည်း စပါးနောက်တန်းကစားသမားတစ်ဦးက ဂိုးပေါက်ထဲမှ ပြန်ကန်ထုတ်သဖြင့် မန်စီးတီးတို့ ထပ်မံဂိုးမရခဲ့ပေ။

အနိုင်ရ

သို့သော်လည်း မန်စီးတီးအသင်းသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် ရမှတ် ၆၅ မှတ်ရရှိကာ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိသွားပြီဖြစ်သည်။ ပြိုင်ဘက် လီဗာပူးအသင်းမှာ နံပါတ်(၅)နေရာ၌ရှိပြီး ရမှတ် ၅၈ မှတ် ရရှိထားသည်။

(အင်တာနက်)

ကမ္ဘာ့စားပွဲတင် တင်းနစ်ပြိုင်ပွဲ၌ တရုတ်အမျိုးသမီးအသင်း ဗိုလ်စွဲနိုင်

အာကာ ဟိန်း - စုစည်းသည်

ရော့တာဒမ် မေ ၁၁

တရုတ်စားပွဲတင်တင်းနစ်ကစားသမားများ (အောက်ပုံ)**သည် ကမ္ဘာ့စားပွဲတင် တင်းနစ်ချန်ပီယံပြိုင်ပွဲ၌ ဗိုလ်စွဲနိုင်ကြောင်း စင်ကာပူအမျိုးသမီးစားပွဲတင် တင်းနစ်အသင်းနည်းပြချုပ် ကျူးစူဆင်က မေ ၁၀ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။**

နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့၌ ကျင်းပမည့် ကမ္ဘာ့စားပွဲတင် တင်းနစ်ပြိုင်ပွဲ၌ တရုတ်အမျိုးသမီးကစားသမားများသည် လက်စွမ်းထက်မြက်ကြသူများဖြစ်ပြီး ပြိုင်ဘက်များကိုအနိုင်ယူကာ ဗိုလ်စွဲနိုင်မည်ဟု ၄င်းက ပြောကြားသည်။

စင်ကာပူအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်ကမ္ဘာ့စားပွဲတင် တင်းနစ်ချန်ပီယံပြိုင်ပွဲ၌ နောက်ဆုံး ဗိုလ်လုပွဲအထိ တက်ရောက်နိုင်သော်လည်း တရုတ်အသင်းအား ရှုံးနိမ့်ခဲ့သည်။

(အင်တာနက်)



ဒေါ့မွန်ကလပ်မှဆာဟင် ရီးရဲမက်ဒရစ်နှင့် စာချုပ်မည်

မက်ဒရစ် မေ ၁၁

ရီးရဲမက်ဒရစ် အသင်းသည် တူရကီကွင်းလယ်ကစားသမား နူရီ ဆာဟင်အား ခြောက်နှစ် စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း မေ ၁၀ ရက်က သတင်းထုတ်ပြန်သည်။

သွင်းယူပေး

ဒေါ့မွန်ကလပ်တွင် ကစားနေသော အသက် ၂၂ နှစ်အရွယ် ဆာဟင်သည် ယင်းကလပ်အတွက် ၁၃၅ ပွဲ ကစားပြီး ၁၃ ဂိုးသွင်းယူပေးထားသူ ဖြစ်သည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

❒ မိုးမြင့်လင်းလက် - စုစည်းသည် ❒

ယူကရိန်းတောင်ပိုင်း၌ လင်းပိုင်များ သေဆုံး

ကီယက်ဗ် မေ ၁၁

ယူကရိန်းနိုင်ငံတောင်ပိုင်း ကရိုင်းမီးယားကျွန်းကမ်းခြေတွင် လင်းပိုင် အကောင်ရေ ၃၀ ခန့် သေဆုံးနေကြောင်း တွေ့ရှိရသည်ဟု ကယ်ဆယ်ရေးဝန်ကြီးဌာနမှ မေ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

တွေ့မြင်ရ

၄င်းလင်းပိုင်များမှာ ကရိုင်းမီးယားကျွန်းဆွယ် ကမ်းရိုးတန်းတစ်လျှောက် နှစ်ကီလိုမီတာဧရိယာအတွင်း သေဆုံးနေကြခြင်းဖြစ်သည်။ လင်းပိုင်များ သေဆုံးရမှုမှာ ငါးဖမ်းပိုက်များအတွင်းမှ လွတ်မြောက်ရန် ကြိုးစားရင်း သေဆုံးရခြင်းဖြစ်နိုင်ကြောင်း၊ လင်းပိုင်များ၏ခန္ဓာကိုယ်ပေါ်တွင် ငါးဖမ်းပိုက် ဒဏ်ရာများ ထင်ရှားစွာတွေ့မြင်ရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

သို့သော်လည်း လင်းပိုင်များသေဆုံးရမှုနှင့် ပတ်သက်ပြီး လေ့လာစုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း ၄င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

အီရန်က ဂြိုဟ်တုနှစ်လုံးလွှတ်တင်မည်

တီဟီရန် မေ ၁၁

အာကာသမှနေ၍ ကမ္ဘာတစ်ဝန်းရှိ အကောင်းဆုံး ကောင်းကင်ဓာတ်ပုံများရရှိစေရန်နှင့် အရည်အသွေးမြင့်မားသည့် ကမ္ဘာ့မြေပုံများရရှိစေရန်အတွက် အီရန်နိုင်ငံက မကြာမီကာလအတွင်း ဂြိုဟ်တုနှစ်လုံးလွှတ်တင်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ အာကာသရေးရာထိပ်တန်းအရာရှိတစ်ဦးက မေ ၁၁ ရက်၌ ပြောကြားသည်။

အီရန်နိုင်ငံသည် ဖာဂျာအမည်ရှိ ဂြိုဟ်တုကို လာမည့် စက်တင်ဘာလတွင်လည်းကောင်း၊ တူလူအမည်ရှိ ဂြိုဟ်တုကို လာမည့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း အာကာသသို့လွှတ်တင်ရန် စီစဉ်ထားကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ပေးပို့နိုင်

ဖာဂျာဂြိုဟ်တုကို အီရန်နိုင်ငံမှအာကာသသိပ္ပံပညာရှင်များက တစ်နှစ်ခန့်ကြာ အချိန်ယူပြီး ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ကီလိုဂရမ် ၅၀ အလေးချိန်ရှိသည်။ တူလူဂြိုဟ်တုမှာ အလေးချိန် ၈၀ ကီလိုဂရမ်ရှိပြီး မီတာ ၅၀ ပတ်လည်ရှိသောကမ္ဘာ့ပုံရိပ်များကို မြေပြင်သို့ အရည်အသွေးမြင့်စွာပေးပို့နိုင်သည်။ **(အင်တာနက်)**

တရုတ်၌ ဦးခေါင်းနှစ်လုံးနှင့် ကလေးငယ်မွေးဖွား

ပေကျင်း မေ ၁၁

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်အနောက်တောင်ပိုင်း ဆူနင်းမြို့ဆေးရုံတွင် မေ ၅ ရက်က ကိုယ်ခန္ဓာတစ်ခုတည်းနှင့် ဦးခေါင်းနှစ်လုံးပါရှိသော သမီးငယ်လေးတစ်ဦးကို မွေးဖွားခဲ့ကြောင်း ဟွာစီမက်ထရိုပိုလစ်သတင်းစာက မေ ၁၁ ရက်၌ ဖော်ပြသည်။ **(အောက်ပုံ)**

အဆိုပါ ကလေးငယ်၏ အလေးချိန်မှာ ကိုးပေါင်ရှိပြီး အရပ်အမြင့်မှာ လက်မ ၂၀ခန့်ရှိသည်။ ထို့အပြင် ကျောရိုးနှစ်ခု၊ လေပြွန်နှစ်ခု၊ အစာပြွန်နှစ်ခုနှင့် လိင်အင်္ဂါနှစ်ခု စီပါရှိကြောင်း သိရသည်။

နီးစပ်

ဆရာဝန်များက ၄င်းကလေးငယ်အား ခွဲစိတ်ကုသမှုပြုလုပ်ရန် ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

- *ပစီဖိတ်တောင်ပိုင်း ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗင်နွာတူနိုင်ငံတွင် မေ ၁၀ ရက်က ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခဲ့သည်။ နိုင်ငံအတွင်းရှိ အက်ဆန်ဂျဲယ်မြို့မှ ၈၄ မိုင်အကွာ အနက် ၁၆ မိုင်တွင် ငလျင် ဗဟိုပြုခဲ့ခြင်းဖြစ်သည်။ ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်းမရှိကြောင်း၊ ထိခိုက်ပျက်စီးမှုသတင်း မရသေးကြောင်းသိရသည်။*
- *ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခတ်သွားသည့် အေရီမုန်တိုင်းကြောင့် သေဆုံးသူဦးရေသည် မေ ၁၁ ရက်အထိ ၂၄ ဦးရှိသွားပြီဟု အစိုးရက သတင်းထုတ်ပြန်သည်။ အေရီမုန်တိုင်းသည် မေ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။*
- *နယူးဇီလန်နိုင်ငံတွင် မေ ၁၁ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း အော့ကလန်လေဆိပ်မှ အတက် မီးကြိုးထိမှန်ခဲ့သည်။ အော့ကလန်မြို့မှ မဲလ်ဘုန်းမြို့သို့ ပျံသန်းမည့် ကွမ်တက်စ်လေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇ လေယာဉ်ဖြစ်ပြီး ခရီးသည် ၁၄၄ ဦးလိုက်ပါလာခဲ့သည်။ လေယာဉ်ကိုယ်ထည်အတွင်း မီးခိုးများ အူထွက်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူမရှိဘဲ အော့ကလန်လေဆိပ်သို့ မွန်းလွဲ ၂ နာရီခွဲတွင် ဘေးကင်းစွာ ပြန်ဆင်းသက်နိုင်ခဲ့သည်။*
- *ပါကစ္စတန်တောင်ပိုင်း ကရာချီဆိပ်ကမ်းမြို့ရှိ ဆော်ဒီအာရေဗျကောင်စစ်ဝန်ရုံးကို မေ ၁၁ ရက်က အမည်မသိ ဆိုင်ကယ်သမားများက လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရသူ တစ်ဦးမျှမရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။*

အမ်အင်န် အော၊ဆင်ဟွာ

မြန်မာ့အလင်း မှုခင်းသတင်း

သာစည်လိုင်းကား ဘီးပေါက်၊ တိမ်းမှောက်

မိတ္ထီလာ မေ ၁၁

မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ဥယျာဉ်ရွာအနီးတွင် မေ ၃ ရက်က ယာဉ်မောင်းဇော်ဝင်း အသက် ၃၆ နှစ် မောင်းနှင်သော မိတ္ထီလာမှ သာစည်ခရီးသည်တင် ဟိုင်းလတ်ကား ဏ/-- သည် မိုင်တိုင်အမှတ်(၄/၆) အနီးအရောက်တွင် ယာဘက်နောက်ဘီးပေါက်၍ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့ရာ ကားပေါ်ပါခရီးသည် ၁၉ ဦး ဒဏ်ရာများရရှိသွားသည်။ ဒဏ်ရာရသူများကို မိတ္ထီလာဆေးရုံတွင် တင်ပို့ထားရပြီး ယာဉ်မှောက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၁၂)

မေ ၁၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းနှင့် ဗညားဒလလမ်းထောင့် မီးပွိုင့်အနီး၌ ကျိုက္ကဆံလမ်းမှ ကုန်အပြည့်ဖြင့် မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီး ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ ဘေးရှိ ကျိုက္ကဆံလမ်းအတိုင်း မောင်းနှင်လာသော အငှားယာဉ်တစ်စီးပေါ်သို့ တိမ်းမှောက်သွားခဲ့သည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကွန်ပျူတာအရောင်းပြပွဲကျင်းပမည်

ရန်ကုန် မေ ၁၁

မိခင်များနေ့ အထိမ်းအမှတ် ကွန်ပျူတာအထူးဈေးရောင်းပွဲကို မေ ၁၃ ရက် (သောကြာနေ့)မှ ၁၅ ရက် (တနင်္ဂနွေနေ့)အထိ ရန်ကုန်မြို့ KMD Sales & Centre တိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရောင်းချမည်

အထူး ဈေးရောင်းပွဲကာလ သုံးရက်အတွင်း KMD Sales Centre (ပန်းဆိုးတန်းဆိုင်ခွဲ) တွင် 4GB Pen Drive ကို ကျပ် ၂၅၀၀တည်းဖြင့် အရေအတွက်ကန့်သတ်ကာ မွန်းလွဲ ၁ နာရီ၌ မဲနှိုက်ရောင်းချသွားမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် Warranty တစ်နှစ်ပါရှိသော ကျပ်ငါးသိန်းတန် Acer 4738G Core i3 Notebook (With Graphic) ကို ကြမ်းခင်းဈေး ကျပ်နှစ်သိန်းဖြင့်စ၍ နေ့စဉ်လေလံတင်ရောင်းချသွားမည်ဖြစ်သည်။ Prolink Notebook (P6200, 2GB RAM, 500GB HDD, DVD RW, 14" LCD Screen) ကို ငွေကျပ် ၃၅၅၀၀၀ တည်းဖြင့် ရောင်းချပေးမည့်အပြင် Canon Laserjet LBP 6000 Printer ကိုလည်း ငွေကျပ် ၉၂၀၀၀ တည်းဖြင့်သာ ရောင်းချပေးမည်ဖြစ်သည်။

ကံစမ်းမဲနှိုက်

ထို့အပြင် နုတ်ဘုတ်ဝယ်ယူသူများအတွက် Mouse, Keyboard Cover, Free Trining Coupon, Notebook Case များကို လက်ဆောင်ပေးအပ်သွားမည့်အပြင် ကျပ် ၃၀၀၀ မှ ကျပ် ၁၅၀၀၀တန် ဈေးဝယ်ကူပွန်များ၊ Desktop PC ဝယ်ယူသူများနှင့် ကျပ်တစ်သိန်းဖိုးနှင့်အထက် ဝယ်ယူသူများကို ဗလာမပါ ကံစမ်းမဲနှိုက်ပေးသွားမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

ဈေးရောင်းပွဲတော်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက KMD (Head Office) ၂၄၅၁၈၀၊ ၃၈၅၁၇၇၊ KMD (မြေနီကုန်း) - ၅၀၃၅၁၁၊ ၅၀၃၅၂၂၊ KMD (မဟာဗန္ဓုလပန်းခြံလမ်း)-၀၉-၈၃၀၃၇၇၈၊ ၀၉-၈၃၀၁၀၃၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်ဟောဝန်ပန်းခြံအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေဆွေးမြေဩဇာကျွေးခြင်း၊ ပန်းအလှပုံဖော်ခြင်းလုပ်ငန်းများကို မေ ၅ ရက်က အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် ဝန်ထမ်းများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက် ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်း အလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင် တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများပြုပြင်ရန် အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများတူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မနန်းသက်ယဉ်မွန် ၁/ဗမန(နိုင်) ၀၆၂၈၈၇ သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်သွားပြီး ၄င်းသဘောအလျောက် ၇-၅-၂၀၁၁ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၄င်း၏ကိစ္စအဝဝအား လုံးဝတာဝန်မယူကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအောင်သာကျော်
၄/လသန(နိုင်)၁၂၃၃၅၁
ဒေါ်ငွေငွေမြင့်
၁/ဗမန(နိုင်)၀၂၇၀၉၃။

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

အမည်ပြောင်း

ဒေါ်ရတနာသိန်းသန်း၏ သမီး ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း Grade(IV)အောင်မှ မအေးမွန်သက်အား မအေးသက်မွန်စိန်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးသက်မွန်စိန်။





အထူးကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဖြိုးဇော်ဦး မှတ်ပုံတင်အမှတ် ၁၂/မဂတ(နိုင်)၀၇၀၂၄၈ ကတ်၊ လိုင်စင်နှင့် အရေးကြီးသောကတ်များပါရှိသည့် အညိုရောင် ခေါက်ပိုက်ဆံအိတ်တစ်လုံးသည် ၈-၅-၂၀၁၁ရက်တွင် လှိုင်မြို့နယ် ဓမ္မာရုံလမ်း၌ ပျောက်သွားပါသဖြင့် တွေ့ရှိထားပါက အမြန်ဆုံးအကြောင်းကြားပေးပါရန်။

ဖုန်း-၃၈၉၀၆၅၊ ၃၉၄၂၂၃၊ ၀၉-၅၀၀၂၉၂၇၊ ၀၉-၈၆၁၃၇၈၅။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးပိတ်ပွဲသို့တက်ရောက်

နေပြည်တော် မေ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ *စာမျက်နှာ ၄ ကော်လံ ၅* ✻